www.arakanstudies.org

Center for Arakan Studies

# အာရက္ခရေးရာအထူးလေ့လာချက်

# ရခိုင်ပြည်တဝန်းမှ မသန်စွမ်းသူများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများ

**အမှတ် (၁၃)၊ ၂၀၂၆ ခုနှစ်**

**မသန်စွမ်းသူများ၏ အခက်အခဲနှင့် အကာအကွယ်ပေးရေးကဏ္ဍ**



ရခိုင်ပြည်အတွင်း တစ်နေရာ၌ မသန်စွမ်းသူများအား အကူအညီပေးနေသည်ကို တွေ့ရစဉ်။ (ဓါတ်ပုံ-DVB Burmese)

**အောက်တိုဘာလ ၂၀၊ ၂၀၂၆ ခုနှစ်။**

## ၁။ နိဒါန်း

| | |
|---|---|
| **(က) အဓိကအကြောင်းအရာ** | မသန်စွမ်းပုဂ္ဂိုလ်များ ကြုံတွေ့နေရသော စိန်ခေါ်မှုများ |
| **(ခ) နယ်မြေဒေသ** | အာရက္ခပြည်တစ်ခုလုံး |
| **(ဂ) အချိန်ကာလ** | ၂၀၂၄ ခုနှစ် ဩဂုတ်လမှ ၂၀၂၆ ခုနှစ် အောက်တိုဘာလအထိ |

၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၄.၆ ရာခိုင်နှုန်း ဖြစ်သည့် ၂.၃ သန်းသည် မသန်စွမ်းဦးရေ ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ တဖန် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရက ၂၀၁၉ ခုနှစ်တွင် မသန်စွမ်းဦးရေသည် နိုင်ငံလူဦးရေ၏ ၁၂.၈ ရာခိုင်နှုန်းဖြစ်သည့် ၆ သန်း ရှိကြောင်း ထုတ်ပြန်ထားသည်။ သို့သော် အာဏာသိမ်းပြီးနောက် စစ်ကောင်စီက ကောက်ခံသည့် ၂၀၂၄ ခုနှစ် သန်းခေါင် စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ အစီရင်ခံစာအရ အသက် (၅) နှစ်နှင့်အထက် လူဦးရေ၏ ၇.၆ ရာခိုင်နှုန်း ဖြစ်သည့် လူဦးရေ ၂.၃ သန်းခန့်တွင် တစ်မျိုးမျိုးသော မသန်စွမ်းမှုပုံစံ ရှိနေကြကြောင်း စစ်ကောင်စီက ထုတ်ပြန်ထားသည်။

ကုလသမဂ္ဂ၏ လေ့လာဆန်းစစ်ချက်များအရ မြန်မာနိုင်ငံ၌ လူဦးရေ ၁၃ ရာခိုင်နှုန်းဖြစ်သည့် ၅.၉ သန်းတွင် နေရပ်စွန့်ခွာ ထွက်ပြေးရသည့် စစ်ဘေးဒုက္ခသည်များအနက် ၁၅ ရာခိုင်နှုန်းမှာ မသန်စွမ်းမှု အမျိုးအစား တစ်ခုခုကို ကြုံတွေ့နေရသူများ ဖြစ်ကြသည်။ ထို့ပြင် စစ်ဘေးဒုက္ခသည် အိမ်ထောင်စုများ၏ ၄၀ ရာခိုင်နှုန်းတွင် မသန်စွမ်းသူ တစ်ဦး (သို့မဟုတ်) နှစ်ဦး ပါဝင်နေကြောင်း တွေ့ရှိရသည်။ မသန်စွမ်း လူဦးရေ ၅.၉ သန်းအနက် အမျိုးသမီး ၃.၅ သန်း ပါဝင်နေပြီး မသန်စွမ်း အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုခက်ခဲရှုပ်ထွေးသော အခြေအနေများနှင့် ရင်ဆိုင်နေကြရသည်။

၂၀၁၉ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း အချက်အလက်များအရ လူဦးရေ ၃ သန်းကျော်ရှိသော ရခိုင်ပြည်တစ်ခုတည်း၌ပင် မသန်စွမ်းသူ ၅ သိန်းကျော်အထိ ရှိနေကြောင်း သိရှိရသည်။ သို့သော်လည်း လက်ရှိတွင် ဖြစ်ပွားလျက်ရှိသော စစ်ရေးပဋိပက္ခများနှင့် အကြမ်းဖက်မှုများကြောင့် မသန်စွမ်းသူ အရေအတွက်မှာ ယခင်ထက် ပိုမိုမြင့်တက်လာလျက်ရှိသည်။

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (UN Convention on the Rights of Persons with Disabilities - CRPD) ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ထိုသဘောတူစာချုပ်အရ မသန်စွမ်းသူများသည် အခြားသူများနှင့်တန်းတူ အခြေခံလွတ်လပ်ခွင့်များနှင့် လူ့အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားနိုင်ခွင့် ရှိရမည် ဖြစ်သည်။

သို့သော်လည်း စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၌ မသန်စွမ်းသူများသည် ပုံမှန်လူမှုဘဝ စိန်ခေါ်မှုများတင်မကဘဲ အသက်ရှင်ရပ်တည်ရေးအတွက်ပင် စိုးရိမ်ရသည့်အန္တရာယ်များနှင့် ခက်ခဲစွာ ရင်ဆိုင်နေကြရသည်။ မြန်မာစစ်တပ်သည် တနိုင်ငံလုံးအတိုင်းအတာဖြင့် မသန်စွမ်းသူများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မသန်စွမ်းအရေး လှုပ်ရှားသူများကို ဖမ်းဆီးထောင်ချခြင်းနှင့် လိုအပ်သော ဆေးဝါး/အကူအညီထောက်ပံ့မှုများကို ကန့်သတ်ပိတ်ပင်ခြင်း စသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခဲ့သည်။ လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအရ စစ်အာဏာသိမ်းချိန်မှ ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းအထိ မြန်မာစစ်တပ်၏ သတ်ဖြတ်မှုကြောင့် မသန်စွမ်းသူ အနည်းဆုံး ၁၁၇ ဦး သေဆုံးခဲ့ရပြီး၊ လက်ရှိအချိန်တွင် ထိုအရေအတွက်မှာ ယင်းထက်မက ပိုမိုမြင့်တက်နေပြီ ဖြစ်သည်။ မသန်စွမ်းဖြစ်နေသည့် စစ်ဘေးဒုက္ခသည် ကလေးသူငယ်များ၏ ၆၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိသည် ပညာသင်ကြားခွင့်အပါအဝင် အခြားသော အခြေခံကလေးသူငယ်အခွင့်အရေးများကို လုံးဝ ဆုံးရှုံးနေကြရသည်။

ယခုလေ့လာဆန်းစစ်ချက်သည် ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်များ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ ထုတ်ပြန်ချက်များ၊ မိမိတို့ အာရက္ခလေ့လာရေးစင်တာမှ ကောက်ယူထားသည့်အချက်အလက်များကို အဓိကအခြေခံပြီး စနစ်တကျ ပြုစုရေးသားထားခြင်း ဖြစ်သည်။

## ၂။ အချက်အလက်အကျဉ်းချုပ်

### ဩဂုတ်လ ၂၀၂၄ ခုနှစ်

**(၁) တိုက်ပွဲကာလ ရခိုင်တွင် မသန်စွမ်းသူ ၅၀၀ ခန့်ထိ တိုးလာ** (Myanmar Peace Monitor- MPM)

လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးနှင့် လက်နက်ငယ်များဖြင့် ပစ်ခတ်မှု၊ မြေမြှုပ်မိုင်း ပေါက်ကွဲမှုနှင့် မပေါက်ကွဲသေးသော စစ်ကျန်လက်နက် ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး ရုပ်ပိုင်းဆိုင်ရာ၊ အကြားအာရုံနှင့် အမြင်အာရုံဆိုင်ရာ မသန်စွမ်းမှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ရခိုင်ပြည်နယ် မသန်စွမ်းသူများအသင်း၏ အထွေထွေအတွင်းရေးမှူး မထွေးမေက "မသန်စွမ်းဖြစ်သွားကြတဲ့သူ အများစုက ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူတွေ ဖြစ်ကြပါတယ်။ အကြားအာရုံနဲ့ အမြင်အာရုံ ထိခိုက်ခဲ့သူတွေလည်း ရှိပါတယ်။ ဒါ့အပြင် မီးလောင်ဒဏ်ရာတွေကြောင့် မသန်စွမ်းဖြစ်သွားရသူတွေလည်း ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

အဖွဲ့အစည်း၏ မှတ်တမ်းများအရ မြောက်ဦးမြို့နယ်တွင် မသန်စွမ်းသူ ၂၃၀ ဦး၊ မင်းပြားမြို့နယ်တွင် ၁၂၉ ဦး၊ ကျောက်တော်မြို့နယ်တွင် ၉၀ ဦးနှင့် ပုဏ္ဏားကျွန်းမြို့နယ်တွင် ၄၇ ဦး ရှိသဖြင့်

စုစုပေါင်း ၄၉၆ ဦး ရှိသည်။

**နိုဝင်ဘာလ ၂၀၂၄ ခုနှစ်**

**(၂) ရခိုင်ပြည်နယ်ရှိ မသန်စွမ်းသူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ် အကူအညီများ အရေးတကြီး လိုအပ်နေ (Border News Agency-BNA)**

ရခိုင်ဒေသရှိ မသန်စွမ်းသူများမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လိုအပ်နေကြောင်း အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဒေသခံများက ပြောသည်။

ထို့ကြောင့် မသန်စွမ်းသူများမှာ ကာကွယ်စောင့်ရှောက်မှု သို့မဟုတ် အကူအညီများ မရရှိကြဘဲ မရှိမဖြစ်လိုအပ်သော လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးအကူအညီများလည်း ကင်းမဲ့နေကြသည်။ ယင်းကြောင့် ၎င်းတို့အနေဖြင့် စားနပ်ရိက္ခာ၊ နေထိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့တွင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရကြောင်း အရပ်ဘက် လူမှုအဖွဲ့အစည်းများထံမှ သိရသည်။

"မသန်စွမ်းသူတွေဟာ အခြေခံ ရပ်တည်ရှင်သန်ရေးမှာ အဆိုးရွားဆုံး အခက်အခဲတွေကို ကြုံတွေ့တွေ့နေရပါတယ်။ အဲဒီထဲမှာမှ စစ်ဘေးရှောင် မသန်စွမ်းသူတွေဆိုရင် ပိုပြီးတော့တောင် အခက်အခဲကြုံနေရပါတယ်။ နိုင်ငံတကာအကူအညီတွေ ပံ့ပိုးပေးဖို့က အရမ်း အရေးကြီးနေပါတယ်" ဟု အရပ်ဘက် အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူတစ်ဦးက Border News Agency သို့ ပြောကြားခဲ့သည်။

**(၃) စစ်ဘေးရှောင် မသန်စွမ်း အမျိုးသမီးများအတွက် အကူအညီများ အရေးတကြီး လိုအပ်နေ (Border News Agency-BNA)**

အာရက္ခပြည်သူ့အစိုးရ အုပ်ချုပ်ရေးအောက်တွင် နေထိုင်နေကြသော မသန်စွမ်း အမျိုးသမီးများမှာ အကူအညီများ အရေးတကြီး လိုအပ်နေကြောင်း စစ်ဘေးရှောင်များထံမှ သိရသည်။

အဆိုပါ မသန်စွမ်းအမျိုးသမီးများမှာ စားနပ်ရိက္ခာ၊ နေထိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကဲ့သို့သော အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရသဖြင့် အခြားစစ်ဘေးရှောင် များထက် ပိုမို ထောက်ပံ့ကူညီပေးရန် လိုအပ်လျက်ရှိသည်။

စစ်ဘေးရှောင် မသန်စွမ်း အမျိုးသမီးတစ်ဦးက "သွားရေးလာရေး ခက်ခဲတဲ့ နေရာတွေမှာဆိုရင် ပိုဆိုးပါတယ်။ ဘယ်သူမှလည်း လာမကူညီကြဘူး၊ ဘယ်အဖွဲ့အစည်းကမှလည်း အကူအညီလာမပေးကြပါဘူး။ စားဝတ်နေရေးနဲ့ ခိုလှုံဖို့ နေရာလို အခြေခံ လိုအပ်ချက်တွေကိုတောင် ရဖို့ အရမ်းကို ခက်ခဲနေပါတယ်" ဟု Border News Agency သို့ ပြောကြားခဲ့သည်။

## ဒီဇင်ဘာလ ၂၀၂၄ ခုနှစ်

### (၄) အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားသို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် တက်ရောက် (Myanmar itv)

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ဒီဇင်ဘာလ ၃ ရက်နေ့က ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ ခိုင်သဇင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မသန်စွမ်းမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အသိပညာပေးခြင်း အစီအစဉ်များတိုးမြှင့်ရေး၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးနှင့် သာယာဝပြောရေးတို့ကို မြှင့်တင်ပေးရေး၊ ၎င်းတို့အား ကူညီပံ့ပိုးပေးနိုင်ရေး အတွက် တိုက်တွန်းနှိုးဆော်ရေးတို့၏ အရေးပါမှုကို အဓိကထား အလေးပေး ပြောကြားခဲ့သည်။

### (၅) ရန်ကုန်ရောက် ရခိုင်စစ်ဘေးရှောင် မသန်စွမ်းသူများ ခွဲခြားဆက်ဆံခံနေရ (Border News Agency-BNA)

ရန်ကုန်ရောက် စစ်ဘေးရှောင် မသန်စွမ်းသူများသည် မြန်မာစစ်ကောင်စီတပ်သားများ၏ ခွဲခြားဆက်ဆံခြင်းကို ကြုံတွေ့နေရကြောင်း ပြောဆိုကြသည်။ အထူးသဖြင့် ရခိုင်တိုင်းရင်းသား မသန်စွမ်းသူများနှင့် ရခိုင်ပြည်နယ်မှ လာရောက်သည့် စစ်ဘေးရှောင်များမှာ ပိုမိုဆိုးရွားစွာ ခွဲခြားဆက်ဆံခံနေရကြောင်း ဆိုသည်။

အဆိုပါ စစ်ဘေးရှောင်မသန်စွမ်းသူများ၏ ပြောကြားချက်အရ စစ်ကောင်စီ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ကျောင်းများနှင့် အလုပ်အကိုင်များအတွက် အင်တာဗျူးများကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သော်လည်း တာဝန်ရှိသူများ (အများအားဖြင့် မသန်စွမ်းဖြစ်သွားသည့် စစ်တပ်တပ်ဖွဲ့ဝင်ဟောင်းများ) က ရခိုင်စစ်ဘေးရှောင် မသန်စွမ်းသူများ သို့မဟုတ် ရခိုင်မှလာရောက်သူများကို လက်ခံရန် သို့မဟုတ် အခွင့်အလမ်းပေးရန် ငြင်းဆန်ကြသည်ဟု သိရသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့် အလုပ်လျှောက်လွှာများတွင်လည်း ရခိုင်ပြည်နယ်မှ လာရောက်သည့် မသန်စွမ်း စစ်ဘေးရှောင်များအား ခွဲခြားဆက်ဆံမှုများ ပြုလုပ်ခံနေရကြောင်း သိရသည်။

## မေလ ၂၀၂၅ ခုနှစ်

### (၆) မသန်စွမ်းနှင့် မျက်မမြင်ကျောင်းသားများ ခေါ်ယူ (One News)

အခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများမှာ မတက်ရောက်နိုင်သော မသန်စွမ်းနှင့် မျက်မမြင် ကျောင်းသား၊ ကျောင်းသူတွေကို ခေါ်ယူနေသည်ဟု လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး

နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပြန်သည်။

မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)နဲ့ (မန္တလေး)တို့မှာ တက်ရောက်ဖို့အတွက် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်မသန်စွမ်းမှု အမျိုးအစားထဲမှာ ပါဝင်သူတွေ၊ အသက်(၆)နှစ်ကနေ (၁၈)နှစ်အတွင်း ရှိသူများ၊ အိမ်ထောင်မရှိသူများအနေဖြင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်ပြီး မိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်တိုင် ကျောင်းသား၊ ကျောင်းသူတွေကို တစ်ပါတည်း ခေါ်ဆောင်ပြီး အပ်နှံရမည် ဖြစ်ပါသည်။

## ဇွန်လ ၂၀၂၅ ခုနှစ်

### (၇) မသန်စွမ်းသူတွေအတွက် အကူအညီများ လိုအပ်နေ (Border News Agency-BNA)

အာရက္ခဒေသက မသန်စွမ်းသူတွေအတွက် ပြန်လည်သန်စွမ်းရေးအထောက် အကူပြုပစ္စည်းတွေ လိုအပ်နေ ကြသည်ဟု မသန်စွမ်းသူများနှင့်အာရက္ခပြည်သူများကဆိုကြသည်။ ထိုကဲ့သို့ ကိုယ်လက်အင်္ဂါဆုံးရှုံးသွားသူများသည် ပြန်လည်သန်စွမ်းရေးအထောက်အကူပြုဂျိုင်းထောက်များ၊ ခြေတုလက်တုများ အပါအဝင် အကူပစ္စည်းတွေလိုအပ်နေကြောင်းပြောဆိုထားကြပါသည်။

"ဂျိုင်းထောက်မရှိတော့ သွားလာရတာအဆင်မပြေဘူး။ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူးဖြစ်နေတယ်။ ခြေတုတွေ ဝယ်ဖို့ကလည်းမတတ်နိုင်ဘူး။ အလေးအပေါ့သွားဖို့ကိုတောင် တခြားသူတွေ တွဲကူမှ အဆင်ပြေတယ်။ ဂျိုင်းထောက်ရရင်တော့ သွားလာရတာအဆင်ပြေမှာပါ" ဟု ကျောက်တော်မြို့နယ်မှမသန်စွမ်း အမျိုးသားတစ်ဦးက Border News Agency ကို ပြောပါသည်။

## ဖေဖော်ဝါရီလ ၂၀၂၆ ခုနှစ်

### (၈) မောင်တောမြို့နယ်မှာ စစ်ကျန်လက်နက်ကြောင့် အရပ်သားတဦးသေပြီး လေးဦးဒဏ်ရာရ (Border News Agency-BNA)

မောင်တောမြို့နယ်မှာ ဖေဖော်ဝါရီ ၁၀ ရက်၊ဒီနေ့မနက် ၁၀ နာရီအချိန်ခန့်က စစ်ကောင်စီတပ်ရဲ့ စစ်ကျန် ဗုံးပေါက်ကွဲလို့ အရပ်သားတဦးသေဆုံးပြီး လေးဦး ဒဏ်ရာရသွားတယ်လို့ ရွာသားတွေများကပြောထားသည်။

မောင်တောမြို့နယ်၊ ရွှေဇားဂုံးနားကျေးရွာမှ အသက်နှစ်ဆယ့်နှစ်နှစ်အရွယ် ဖေရုစ်ခါန် သေဆုံးသွားပြီး အသက်တဆယ့်ရှစ်နှစ်အရွယ် အာရိုတာအာမောက် ၊အသက်နှစ်ဆယ့်သုံးနှစ် အရွယ်မာမတ်နူရ်၊ အသက်သုံးဆယ်အရွယ်မာမတ်ဇူနိုင်နဲ့ အာရိုတာအာမောက် တို့ ဒဏ်ရာရသွားကြောင်း ရွာသားများကပြောသည်။

ထိုကဲ့သို့ ဗုံးပေါက်ကွဲမှုကြောင့် ဖေရုစ်ခါန်ရဲ့ ပေါင်နှစ်ဖက်နဲ့ လက်နှစ်ဖက်စလုံး ပြတ်ထွက်ကာ

သေဆုံးသွားပြီး မာမတ်နူရ်၊မတ်ဇူနိုင်၊ မာမတ်ဟူဆောင်းနဲ့ အာရ်တာအာမောက်လည်း ဒဏ်ရာ ပြင်းပြင်းထန်ထန်ရသွားသည်ဟု ရွာသားများကဆိုကြသည်။

## မတ်လ ၂၀၂၆ ခုနှစ်

### (၉) ရခိုင်က မိုင်းထိသူများ ခြေတုနှင့် အကူအညီများလိုအပ်နေ(Burma News International-BNI)

ရခိုင်ပြည်မှ မိုင်းထိ၍ ခြေထောက်ဖြတ်လိုက်ရသူများအနေဖြင့် ခြေတုနှင့် ဘဝရပ်တည်ရေး အတွက် အကူအညီများလိုအပ်နေကြောင်း သတင်းရရှိသည်။

ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာမှ ဦးအောင်စံဝေးက "လက်ရှိအခြေအနေကတော့ ICRC က ထုတ်ပေးထားတဲ့ လက်ထောက်လေးနဲ့ပဲ သွားလာနေရပါတယ်။ ခြေတုလက် ကျနော်မိုင်းထိတဲ့ အချိန်ကတော့ ICRC ကနေပြီးတော့ အရပ်အမောင်းနဲ့ ပေတိုင်းပါတယ်။ ဘယ်လောက် လိုအပ်မယ် ဆိုတဲ့ လိုအပ်ချက်လေးတွေကို သူတို့က သူတို့ဆီမှာတော့ မှတ်တမ်းတွေတော့ ရှိခဲ့ပါတယ်။ သို့သော်လည်း တိုက်ပွဲကာလဖြစ်ခဲ့တဲ့အတွက် ခြေတုလည်း မရလိုက်တော့ဘူး။ ဒါကြောင့် အခု လက်ရှိကတော့ လက်ထောက်ကလေးနဲ့ပဲ သွားလာနေရတာ ဖြစ်ပါတယ်။ ဒါကြောင့် ခြေတုတစ်ခု အမြန်ရဖို့မျှော်လင့်နေပါတယ်"ဟု ပြောသည်။

### (၁၀) ရခိုင်တွင် မိုင်းရှင်းလင်းရေး နိုင်ငံတကာအကူအညီ လိုအပ်လာနေ (Burma News International-BNI)

ရခိုင်ပြည်တွင် စစ်ကျန်မြေမြှုပ်မိုင်းနှင့် လက်နက်ခဲယမ်းများကြောင့် သေဆုံးဒဏ်ရာရသူများ တစ်နေ့ထက်တစ်နေ့ တိုးပွားလာနေသဖြင့် အဆိုပါမိုင်းအပါအဝင် စစ်ကျန် ပစ္စည်းများကို အပြီးသတ် ရှင်းလင်းရေးအတွက် နိုင်ငံတကာ၏ အကူအညီများအား မရှိမဖြစ်လိုအပ်နေကြောင်း လူမှုရေး ဆောင်ရွက်နေသူများက ပြောဆိုသည်။

မြန်မာစစ်တပ်သည် ၂၀၂၃ မှ ၂၀၂၅ ကာလအထိ ရခိုင်တိုက်ပွဲများအတွင်း ၎င်းတို့ စခန်းချရာ နေရာများတွင် ထောင်နှင့်ချီရှိသော မိုင်းများကို ထောင်ထားခဲ့သလို လက်ရှိတိုက်ပွဲဖြစ်ပွားနေသည့် စစ်တွေနှင့် ကျောက်ဖြူမြို့ ပတ်ဝန်းကျင်တွင်လည်း မိုင်းကွင်းများပြုလုပ်ကာ မိုင်းအမျိုးမျိုးကို ထောင်ထားသည်ဟု သိရှိရသည်။

ရခိုင်ပြည်တွင် ၂၀၂၅ ခုနှစ်အတွင်း မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် စစ်လက်နက် အကြွင်းအကျန် ပစ္စည်းများကြောင့် ကလေးနှင့် အမျိုးသမီးများအပါအဝင် အရပ်သား ၂၁ ဦး သေဆုံးပြီး ၈၁ ဦးဒဏ်ရာရရှိခဲ့သည်ဟု နိရဥ္စရာက ကောက်ယူထားသည့်စာရင်းများအရ သိရ သည်။ ၂၀၂၄ ခုနှစ်တွင်ဆိုလျှင် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်ကျန်လက်နက်ပစ္စည်း များကြောင့်တစ်နိုင်ငံ လုံးအတိုင်းအတာဖြင့် ထိခိုက်သေဆုံးသူ ၁၀၈၂ ဦးရှိပြီးယင်းအထဲတွင်

ကလေးသူငယ် ၃၁၄ ဦးပါဝင်ကြောင်း Unicef Myanmar ၏ အစီရင်ခံစာအရ သိရသည်။

## မေလ ၂၀၂၆ ခုနှစ်

**(၁၁) မွေးရာပါ ပိုလီယိုရောဂါသည်အမျိုးသမီးကို မုဒိမ်းကျင့်သူနှစ်ဦးအား AA ဖမ်းဆီး (Burma News International-BNI)**

ရခိုင်ပြည်၊ ဂွမြို့နယ်၊ ကြီချိုင်ကျေးရွာမှာ မေလ ၁ ရက်နေ့တွင် အသက် (၂၅) နှစ်အရွယ် မွေးရာပါ ပိုလီယိုရောဂါ ခံစားနေရသူ အမျိုးသမီးတစ်ဦးကို တစ်ရွာတည်းနေ ငအောင် (၃၇နှစ်) နှင့် စည်သူဝင်း(၃၈) နှစ် တို့က မုဒိမ်းကျင့်ခဲ့ကြောင်း ဒေသခံတစ်ဦးကပြောသည်။ ကျူးလွန်သူများကို အာရက္ခတပ်တော်(AA) က ဖမ်းဆီးအမှု ဖွင့်ထားကြောင်းပြောသည်။

တရားခံများကို AA ၏ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့လုံခြုံရေးဌာန (DLEPS) က ဖမ်းဆီး အရေးယူမှုများ ဆက်တိုက်ရှိနေသော်လည်း ဒေသခံများအကြားစိုးရိမ်ထိတ်လန့်မှုတွေ မြင့်တက်နေပြီး မုဒိမ်းမှုများ နောက်ထပ်မဖြစ်ပေါ်လာရဲအောင် ထိထိရောက်ရောက် အရေးယူမှု လုပ်ဆောင်ပေးရန် ရခိုင် ဒေသခံများနှင့်တက်ကြွလှုပ်ရှားသူများက တောင်းဆိုကြသည်။

**(၁၂) ကျောက်တော်နှင့် ဘူးသီးတောင်တွင် သက်ငယ် အဓမ္မပြုကျင့်မှုဖြစ်ပွား (Western News-WN)**

ရခိုင်ပြည် ကျောက်တော်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် အမျိုးသမီးငယ် ၃ ဦး အဓမ္မပြုကျင့်ခံခဲ့ရကြောင်း သိရပြီး တရားခံတစ်ဦး ထွက်ပြေးလွတ်မြောက်နေကြောင်း သိရသည်။ သံတွဲမြို့တွင်လည်း ဧပြီလ ၁၁ ရက်က အသက် ၁၃ နှစ်အရွယ် မသန်စွမ်းမိန်းကလေးငယ်တစ်ဦး အဓမ္မပြုကျင့်သတ်ဖြတ်ခံခဲ့ရသည်။

**(၁၃) နိုင်ငံတကာ ကြက်ခြေနီကော်မတီ (ICRC) သည် တစ်နိုင်ငံလုံးရှိ ပြန်လည်ထူထောင်ရေးစင်တာ ၇ ခုတွင် အခမဲ့ ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိ (Global New Light of Myanmar-GNLM)**

နိုင်ငံတကာ ကြက်ခြေနီကော်မတီ (ICRC) သည် ကချင်၊ ကရင်၊ ရှမ်း၊ ရခိုင်ပြည်နယ်များနှင့် ရန်ကုန်၊ ပဲခူး၊ မကွေးတိုင်းဒေသကြီးတို့တွင်ရှိသော ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေးစင်တာ ၇ ခုမှတစ်ဆင့် မသန်စွမ်းသူ ထောင်ပေါင်းများစွာအား ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိပါသည်။

မသန်စွမ်းသူများ သွားလာလှုပ်ရှားနိုင်စွမ်းနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့် ပြန်လည်ရရှိစေရန်အတွက် ICRC နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများသည် ခြေတုလက်တုဝန်ဆောင်မှုများ၊ အထောက်အကူပြုပစ္စည်းများ၊ လမ်းလျှောက်အထောက်အကူပြုပစ္စည်းများ၊ ဘီးချဲများနှင့် ရူပကုထုံးဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိပါသည်။ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုအားလုံးကို တစ်ဦးချင်းလိုအပ်ချက်အတိုင်း အခမဲ့ ပံ့ပိုးပေးနေခြင်းဖြစ်ကြောင်း ICRC က ထုတ်ပြန်ကြေညာထားပါသည်။

## ဇူလိုင်လ ၂၀၂၆ ခုနှစ်

**(၁၄) ရခိုင်တွင် မိုးကြီးရေလျှံမှုကြောင့် လူ ၃ ဦး သေဆုံးပြီး မြို့နယ်အများအပြား ရေဘေးသင့်နေ (Western News-WN)**

ရခိုင်ပြည်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေကြီးမှုများကြောင့် လက်ရှိတွင် လူ ၃ ဦး သေဆုံးသွားပြီဟု ရခိုင်အမျိုးသားအဖွဲ့ချုပ် (ULA) ၏ လူသားချင်းစာနာထောက်ထားရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးရုံး (HDCO) က သတင်းထုတ်ပြန်သည်။

ရေတက်လာသည့်အချိန်တွင် ဘေးလွတ်ရာသို့အချိန်မီရွှေ့ပြောင်းနိုင်ရေးအတွက် ရေတွင်ပေါ်နိုင်သည့် ပလတ်စတစ်ပုံးများ၊ ရာဘာကွင်းများအပြင် လှေ သို့မဟုတ် ဖောင်များကို ရပ်ရွာအစီအစဉ်ဖြင့် ကြိုတင်စီစဉ်ထားရှိရမည်ဖြစ်သည်။

အထူးသဖြင့် မိသားစုအတွင်း ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်းနှင့် နာမကျန်းဖြစ်သူများရှိပါက အခြေအနေ ပိုမိုဆိုးရွားမလာမီနှင့် အန္တရာယ်မကျရောက်မီ အမြန်ဆုံး ကြိုတင်ရွှေ့ပြောင်းထားကြရန် HDCO က အလေးအနက် တိုက်တွန်းထားသည်။

## ဩဂုတ်လ ၂၀၂၆ ခုနှစ်

**(၁၅) စစ်တွေ ဗျိုင်းဖြူကျေးရွာတွင် အနည်းဆုံး ရွာသား ၇၀ ဦး အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှု အသက်ရှင်ကျန်ရစ်သူများ ပြန်လည်ပြောပြ (Western News-WN)**

ရခိုင်ပြည်၊ စစ်တွေမြို့နယ် ဗျိုင်းဖြူကျေးရွာတွင် ၂၀၂၄ ခုနှစ် မေလ ၂၉ ရက်မှ ၃၁ ရက်အတွင်း စစ်ကောင်စီတပ်က အနည်းဆုံး ရွာသား ၇၀ ဦးကို နှိပ်စက်သတ်ဖြတ်ခဲ့ပြီး အမျိုးသား ၈၀၀ ခန့်ကို ဖမ်းဆီးခဲ့ကြောင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုမှ အသက်ရှင်ကျန်ရစ်သူများ၏ ပြောဆိုချက်ကို ကိုးကား၍ The Diplomat သတင်းဌာနက ဖော်ပြသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အသက်ရှင်ကျန်ရစ်သူ ၅ ဦးက ၎င်းတို့ ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များကို ပြန်လည်ပြောပြထားခြင်းဖြစ်သည်။ မေလ ၃၀ ရက်နေ့ညတွင် စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသည့် အမျိုးသမီးတစ်ဦးကို စစ်ကောင်စီတပ်သား၄ ဦးက အုပ်စုဖွဲ့အဓမ္မပြုကျင့်ခဲ့ကြောင်း အသက်ရှင်ကျန်ရစ်သူများက ပြောသည်။

**(၁၆) မသန်စွမ်းသူများအား အခွင့်အလမ်းများရရှိအောင် ဖော်ဆောင်ပေးရန်လို (One News TV channel)**

မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်း၏ အရေးပါသော အစိတ်အပိုင်းဖြစ်ပြီး အများနှင့်နည်းတူတူညီသော အခွင့်အရေးများ ရရှိအောင် ဖော်ဆောင်ပေးရန် လိုအပ်သည်ဟု ဒုတိယသမ္မတ

ဒေါ်နန်းနီနီအေးက ပြောသည်။ နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှာ ဩဂုတ်လ(၂၀)ရက်က ပြုလုပ်သော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးမှာ ကော်မတီဥက္ကဋ္ဌလည်း ဖြစ်တဲ့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာမှာ အခုလို ထည့်သွင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒတွေကို အပြည့်အဝ အကောင်အထည်ဖော်ပြီး ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် သွားလာရေး အခွင့်အလမ်းများ တူညီစွာ ဖန်တီးပေးနိုင်ရန် ကြိုးစားဆောင်ရွက်နေသည်ဟု ဆိုသည်။

## စက်တင်ဘာလ ၂၀၂၆ ခုနှစ်

### (၁၇) မုဒိမ်းမှုကျူးလွန်ပြီး လွတ်မြောက်နေသူများကို ဖမ်းမိရန် အသည်းအသန်ကြိုးပမ်းနေဟု ဒီလပ် ပြော (DMG)

အာရက္ခတပ်တော်ထိန်းချုပ်ဒေသအတွင်း မုဒိမ်းမှုကျူးလွန်ပြီး ထွက်ပြေးလွတ်မြောက်မှုဖြစ်စဉ်များရှိနေကာ ယင်းထဲတွင် ဝီရဌာနီ(ပေါက်တော)မြို့နယ်၊ ဖဒူချောင်ရွာက သက်ငယ်မုဒိမ်းမှု၊ သံတွဲမြို့နယ်က မသန်စွမ်းအမျိုးသမီး အဓမ္မပြုကျင့်ခံရမှုနှင့် ပလက်ဝမြို့နယ်က အဓမ္မပြုကျင့်လူသတ်မှုများမှာ ယနေ့ထိတိုင် ကျူးလွန်သူများ လွတ်မြောက်နေဆဲဖြစ်သည်။

ထိုသို့ မုဒိမ်းမှုကျူးလွန်သူများ လွတ်မြောက်နေရခြင်းသည် အရေးယူမှုအားနည်းခြင်း၊ လာဘ်ပေးလာဘ်ယူစနစ်နှင့် ငွေကြေးဖြင့် ဖြေရှင်းခြင်းတို့ကြောင့်ဖြစ်သည်ဟု အမျိုးသမီးအရေး လှုပ်ရှားသူများက ပြောကြသည်။

## အောက်တိုဘာလ ၂၀၂၆ ခုနှစ်

### (၁၈) ရခိုင်တွင် စစ်အာဏာရှင် အကြမ်းဖက်မှုကြောင့် မသန်စွမ်းဖြစ်ခဲ့ရသူများ ဘဝရပ်တည်ရေး ခက်ခဲနေ (DVB)

ရခိုင်ပြည်နယ်မှာ စစ်အာဏာရှင်တပ်၏ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် မသန်စွမ်း ဖြစ်ခဲ့ရသူများနှင့် မိသားစုဝင်များ ဆုံးရှုံးခဲ့ရသူများ ဘဝရပ်တည်ရေးအတွက် ခက်ခဲနေကြသည်ဟု ဒေသခံများထံမှ သိရသည်။

စစ်တပ်၏ ဗုံးကြဲတိုက်ခိုက်မှု၊ စစ်လက်နက်ပေါက်ကွဲမှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ခြေလက်မသန်စွမ်း ဖြစ်ခဲ့ရသူများ၊ အကြားနှင့် အမြင်အာရုံ ချို့တဲ့သွားရသူများအပြင် မိသားစုဝင်များကို ဆုံးရှုံးလိုက်ရသူများအတွက် ဘဝရပ်တည်ရေး ခက်ခဲနေကြောင်း ရခိုင်ပြည်အရေးပေါ်ကူညီကယ်ဆယ်ရေး ပူးပေါင်းအဖွဲ့ (ARE) ဒုတိယတာဝန်ခံ ကိုသိန်းထူး က ပြောပါသည်။

**(၁၉) ရခိုင်တွင် စစ်ရေးလှုပ်ရှားမှု အများဆုံး၊ အရပ်သားထိခိုက်သေဆုံးမှု ဒုတိယအများဆုံးရှိဟု NLTA ဆို (DMG)**

မြန်မာနိုင်ငံတဝန်း အောက်တိုဘာလ ၂ ရက်မှ ၈ ရက်အတွင်း ရခိုင်ပြည်၌ စစ်ရေးလှုပ်ရှားမှု အများဆုံး ဖြစ်ပွား ခဲ့ပြီး အရပ်သားထိခိုက်သေဆုံးမှုမှာလည်း ဒုတိယအများဆုံးဖြစ်ကြောင်း ညဏ်လင်းသစ်သုတေသန အဖွဲ့ (Nyan Lynn Thit Analytica – NLTA) ၏ အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။

NLTA ၏ မှတ်တမ်းများအရ အောက်တိုဘာလ ၂ ရက်မှ ၈ ရက်အတွင်း မြို့နယ် ၅၈ မြို့နယ်တွင် အရပ်သား များကို ပစ်မှတ်ထားတိုက်ခိုက်မှု အနည်းဆုံး ၁၀၈ ကြိမ် ဖြစ်ပွားခဲ့ပြီး အရပ်သား ၄၀ ဦး သေဆုံးကာ ၁၂၁ ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များအနက် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှု ၃၉ ကြိမ်ဖြင့် အများဆုံးဖြစ်ပြီး အရပ်သား ဖမ်းဆီးမှု ၂၂ ကြိမ်ဖြင့် ဒုတိယအများဆုံး ဖြစ်ကြောင်း သိရသည်။ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုတွင် ရခိုင်ပြည်သည် နိုင်ငံတဝန်း ဒုတိယ အများဆုံးဖြစ်ပြီး အရပ်သား ၉ ဦး သေဆုံးကာ ၃၃ ဦး ဒဏ်ရာ ရရှိခဲ့သည်။

## ၃။ တွေ့ရှိချက်များ

**(၁)** ရခိုင်ပြည်နယ်တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ လက်နက်ငယ်ကျည်ထိမှန်ခြင်းနှင့် မိုင်းပေါက်ကွဲမှုများကြောင့် အရပ်သားပြည်သူများ အပြင်းအထန် ဒဏ်ရာရရှိကာ ကိုယ်လက်အင်္ဂါဆုံးရှုံးခြင်း၊ အမြင်နှင့် အကြားအာရုံ ချို့တဲ့သွားခြင်းစသည့် မသန်စွမ်းမှုအမျိုးမျိုးနှင့် ရင်ဆိုင်နေကြရသည်။ ၂၀၂၆ ခုနှစ်၊ ဧပြီ ၁ ရက်မှ ဩဂုတ် ၂၇ ရက်အထိ ၅ လတာကာလအတွင်း မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီး ပစ်ခတ်မှုနှင့် စစ်ကျန်လက်နက် ပေါက်ကွဲမှုတွေကြောင့် ထိခိုက်သေဆုံးခဲ့သော အပြစ်မဲ့ပြည်သူ ၇၇ ဦးသေဆုံးခဲ့ရပြီးနဲ့ ဒဏ်ရာရရှိသူ ၂၆၂ ယောက် ရှိကြောင်း သိရပါတယ်။

**(၂)** စစ်ဘေးရှောင်ဒေသများတွင် နေထိုင်ကြရသည့် မသန်စွမ်းသူများ (အထူးသဖြင့် မသန်စွမ်း အမျိုးသမီးများနှင့် ကလေးသူငယ်များ) မှာ စားနပ်ရိက္ခာ၊ သင့်လျော်သည့်နေရာထိုင်ခင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရန် အလွန်ခက်ခဲလျက်ရှိသည်။ မသန်စွမ်းများကို ဒေသခံလူမှုကူညီရေးအဖွဲ့အချို့က ထောက်ပံ့နေသော်လည်း စစ်ကောင်စီ၏ အမျိုးမျိုးသော အတားအစီးများ၊ ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်ထားမှုနှင့် လေကြောင်းတိုက်ခိုက်မှု အန္တရာယ်ကြောင့် အကူအညီပေးနိုင်သည့် အခြေအနေ နည်းပါးလျက်ရှိသည်။ စစ်ရေးပဋိပက္ခကြောင့် သွားလာရေး ခက်ခဲခြင်းနှင့် အကူအညီများ အချိန်မီမရောက်ရှိခြင်းတို့ကြောင့် နေ့စဉ်ဘဝရှင်သန်ရပ်တည်ရေး အတွက် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ကိုယ်လက်အင်္ဂါ ဆုံးရှုံးသွားသူများနှင့် စစ်ဘေးရှောင် မသန်စွမ်းသူများသည် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်လွန်ခြင်းနှင့် မိမိကိုယ်ကို ယုံကြည်မှုလျော့နည်းလာပြီး အိမ်တွင်း၌ပင် အထီးကျန်နေကြသည်။

(၃) မိုင်းဒဏ်နှင့် စစ်ရေးပဋိပက္ခဒဏ်ကြောင့် ခြေလက်အင်္ဂါဆုံးရှုံးသွားကြသူများအတွက် ခြေတု၊ လက်တု၊ ကုထုံးကိရိယာများနှင့် ကြိမ်လုံးကဲ့သို့သော အရန်အထောက်အကူပစ္စည်းများ အရေးတကြီး လိုအပ်လျက်ရှိသည်။ ခြေတုလက်တုများကို ICRC ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများက အခမဲ့ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ ထောက်ပံ့ပေးနေသော်လည်း အထောက်အပံ့များ အလွန်နည်းနေသေးသည့်အပြင် စစ်ကောင်စီ၏ ဒေသတွင်း ပိတ်ဆို့မှုများနှင့် ဒေသတွင်းပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ မရှိနေသောကြောင့် ထိခိုက်ခံစားရသူများမှာ လူမှုဘဝတွင် လွတ်လပ်စွာ ရပ်တည်လှုပ်ရှားနိုင်ရန် အခက်အခဲကြုံနေရသည်။ စစ်ကောင်စီသည် မသန်စွမ်းသူများ အခွင့်အရေးနှင့် အခွင့်အလမ်းများ ရရှိရေး ပြောဆိုဆွေးနွေးမှုများ ရှိသော်လည်း ပဋိပက္ခဖြစ်ပွားရာ ရခိုင်ပြည်အတွင်း လက်တွေ့အကူအညီနှင့် ထိရောက်သော ဝန်ဆောင်မှုများ လိုအပ်လျက် ရှိသည်။

(၄) စစ်ဘေးရှောင် မသန်စွမ်းသူများ၊ အထူးသဖြင့် ရခိုင်ဒေသခံ မသန်စွမ်းစစ်ဘေးရှောင်များ အနေဖြင့် အလုပ်အကိုင်၊ ပညာရေးနှင့် ကျန်းမာရေး အခွင့်အလမ်းများတွင် ခွဲခြားဆက်ဆံမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။
မသန်စွမ်း စစ်ဘေးရှောင် ကလေးသူငယ်များသည်လည်း ကျောင်းနေအရွယ်တွင် ကျောင်းမတက်နိုင်ဘဲ ပညာရေး အခွင့်အလမ်းနှင့် ကလေးသူငယ်အခွင့်အရေးများကို ဆုံးရှုံးနေကြသည်။ ထို့အပြင် မသန်စွမ်းအမျိုးသမီးငယ်များနှင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများမှာ မုဒိမ်းမှုနှင့် အဓမ္မပြုကျင့် သတ်ဖြတ်ခံရမှုကဲ့သို့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဘေးအန္တရာယ်များကိုပါ သတိထားနေရသည်။ ထိုကဲ့သို့သော ဖြစ်စဉ်များကို အာရက္ခတပ်တော်၏ လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးအရေးယူဆောင်ရွက်လျက် ရှိသည်ကို တွေ့ရသည်။

(၅) ပဋိပက္ခဒဏ်ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရသည့် အပြစ်မဲ့ပြည်သူများအနက် မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များနှင့် ကလေးငယ်များမှာ မိုးကြီးရေလျှံမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အချိန်မီဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေးအတွက် ပိုမိုထိခိုက်လွယ်သည့်အုပ်စုတွင် ရှိနေသည်။ စစ်အာဏာရှင်၏ ကြည်း၊ ရေ၊ လေ တပ်များက နည်းလမ်းမျိုးစုံနှင့် တိုက်ခိုက်မှုများကြောင့် မိသားစုဝင်များ ဆုံးရှုံးခဲ့ရသူများမှာလည်း အားကိုးမှီခိုစရာ မရှိတော့သည့်အတွက် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားနေရသူများလည်း ရှိနေပါသည်။

(၆) အသက်မွေးဝမ်းကျောင်းများနှင့် အလုပ်ခွင်အများစုကို မြန်မာစစ်တပ်၏ တပ်ဖွဲ့ဝင်ဟောင်းများကသာ ဦးဆောင်နေသောကြောင့်၊ ၎င်းတို့ကစစ်ဘေးရှောင်များ၏အခွင့်အရေးကို ကန့်သတ်ထားသည်ကို တွေ့နေရသည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းမှာ မသန်စွမ်းအချင်းချင်း တူညီနေသော်လည်း လူမျိုးရေးအမုန်းတရားများ တိုးပွားစေကြောင်း ဒုက္ခသည်များက ပြောသည်။ ရန်ကုန်ရောက် ရခိုင်စစ်ဘေးရှောင်များသည်လည်း ပညာရေး အခွင့်အရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မရှိသည့်အပြင် ကူညီထောက်ပံ့မှုများလည်း မရရှိသောကြောင့် စားဝတ်နေရေး၊ လုံခြုံရေး စသည့် အခြေခံလိုအပ်ချက်များအတွက်ပင် ရုန်းကန်နေကြရကြောင်း သိရသည်။ ဤကဲ့သို့ အခက်အခဲများကြောင့် မိမိတို့နေရပ် ရခိုင်ပြည်သို့ ပြန်သွားချင်သော်လည်း မြန်မာစစ်တပ်၏ ကန့်သတ်ချက်များနှင့် လေကြောင်း တိုက်ခိုက်မှုများကြောင့် နေရပ်ပြန်ရေး မသေချာ

သည့် အခြေအနေနှင့် ကြုံတွေ့ရသည်။

## ၄။ သုံးသပ်ချက်

မသန်စွမ်းမှုဆိုသည်မှာ ပုံစံအမျိုးမျိုးဖြင့် ရှိနေနိုင်ပြီး၊ အဓိကအားဖြင့် မွေးရာပါ မသန်စွမ်းခြင်း (born disability) နှင့် မွေးပြီးမှ တခြားသော အတွင်းအပြင်ကိစ္စရပ်တစ်ခုခုကြောင့် မသန်စွမ်းခြင်း (acquired disability) ဟူ၍ ခွဲခြားနိုင်ပေသည်။ အခြားတဖက်တွင် မသန်စွမ်းမှုကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာ ဟူ၍ ခွဲခြားသတ်မှတ်နိုင်သည်။ ယင်းအမျိုးအစားများ အနက် အထက်ဖော်ပြပါ လေ့လာချက်ထဲတွင် အဓိက တွေ့ရသည်မှာ မွေးရာပါရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် စစ်ရေးပဋိပက္ခကြောင့် မသန်စွမ်းဖြစ်သွားကြရသူများ၏ အကြောင်းကို ဦးစားပေးလေ့လာထားခြင်း ဖြစ်သည်။ ထိုအထဲတွင် စစ်ရှောင်မသန်စွမ်းများမှာ ပိုမို ကြီးမားသော အခက်အခဲကို ကြုံတွေ့ကြရသည်။

လူ့အဖွဲ့အစည်းတစ်ခုအတွင်း မသန်စွမ်းသူများသည် အဓိကထိခိုက်လွယ်သောအုပ်စု (vulnerable group) ထဲတွင် ပါဝင်သောကြောင့် သက်ဆိုင်ရာ အစိုးရအာဏာပိုင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်။ အကြောင်းမှာ ကိုယ်လက်အင်္ဂါတစ်ခုခု မသန်စွမ်းဖြစ်သူများသည် စစ်ဘေးနှင့် သဘာဝဘေးများကြုံသည့်အခါတွင် ပိုမိုအခက်ခဲကြုံရသောကြောင့် ဖြစ်သည်။

သို့သော် ဝမ်းနည်းစရာကောင်းနေသည်မှာ ရခိုင်ပြည်တွင်း စစ်ရေးပဋိပက္ခများအတွင်း မိုင်း၊ လက်နက်ကြီး၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် မသန်စွမ်းဖြစ်သွားရသည့် ပြည်သူ အရေအတွက်သည် တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးပွါးလာသည်ကို တွေ့ရသည်။ ယင်းအပြင် စစ်အစိုးရ၏ နိုင်ငံတကာအကူအညီများကို အာရက္ခတပ်တော် ထိန်းချုပ်မှုအောက်တွင်ရှိသော နယ်မြေများသို့ သွားလာကူညီခွင့်ကို ကန့်သတ်ထားခြင်းနှင့် နိုင်ငံတကာအကူအညီများ လျော့ကျလာခြင်းတို့ကြောင့် မသန်စွမ်းသူများအတွက် ပြင်ပအကူအညီရနိုင်ခွင့် အခွင့်အရေးမှာ ပိုမိုဆိုးရွားလာပေသည်။

ယင်းအပြင် အာရက္ခတပ်တော်ထိန်းချုပ်မှုအောက်ရှိ မသန်စွမ်းအမျိုးသမီးငယ်များမှာလည်း ရံဖန်ရံခါ ဆိုသလိုပင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများကို ကြုံတွေ့နေရပြီး၊ စစ်အစိုးရတပ်ဖွဲ့ဝင်များသည်လည်း ဗျိုင်းဖြူရွာကဲ့သို့ ဖြစ်စဉ်မျိုးတွင် မသန်စွမ်းသူများကို ပစ်မှတ်ထားကျူးလွန်ခဲ့သည်ကို တွေ့ရှိပါသည်။ ဤကဲ့သို့ အခြေအနေအရပ်ရပ်က ပြသနေသည်မှာ လက်ရှိ စစ်ရေး၊ နိုင်ငံရေး အခြေအနေအရပ်ရပ်အောက်တွင် မသန်စွမ်းသူများသည် 'ဘူးလေးရာဖရုံဆင့်' ဆိုသကဲ့သို့ စိန်ခေါ်မှု အမျိုးမျိုးကို ကြုံတွေ့နေရပြီး၊ သက်ဆိုင်ရာ အစိုးရအာဏာပိုင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ၎င်းတို့၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန် သီးသန့်ဦးတည်သော မူဝါဒ၊ လုပ်ငန်းများ ချမှတ်ရန် လိုအပ်ပေသည်။

## အာရက္ခလေ့လာရေးစင်တာအကြောင်း

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

© ၂၀၂၆ အာရက္ခပြည်။

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org